# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 11, 2020 Volume 32, Number 9


**၁၁.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၉ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၅၀၀ |
| ဒေါ်လာဈေး | = ၁၄၀၄/- ကျပ် |
| CBM Rate | = ၁၄၀၀.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၉.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၈.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၁.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၁၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၉၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၇.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၉.၅၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၂၅၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာစိုက် ကယ်လီဖိုးနီးယားမျိုးစိတ် ထောပတ်သီးကို တရုတ်ဝယ်လိုအားကောင်း တန်ချိန် ၅၀၀ တင်ပို့ရန်ကမ်းလှမ်း



မြန်မာနိုင်ငံတွင် စိုက်ပျိုးသည့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား မျိုးစိတ်(Hass) ထောပတ်သီးကို တရုတ် ဝယ်လိုအားကောင်းနေပြီး တန်ချိန် ၅၀၀ တင်ပို့ရန် တရုတ် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီး တင်ပို့ထုတ်လုပ် ရောင်းချသူများအသင်းမှသိရသည်။

"ရွှေလီတို့ ၊ ကျွေ့မင်တို့မှာတော့ ပွဲလေးတွေသွားလုပ်တော့ သူတို့က စိတ်ဝင်စားတယ်။ လောလောဆယ်မှာ ကျွန်တော်တို့ဆီမှာ အထွက်နည်းသေးတော့ ပေးစရာမရှိသေးတာ။ သူတို့ကအဝယ် များတယ်။ (Hass) နဲ့ပတ်သက်ပြီး တန်ချိန် ၅၀၀ တင်ပို့ဖို့ ကျွန်တော့်ဆီကို တိုက်ရိုက်လာကမ်းလှမ်းတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ အများကြီး မထွက်သေးဘူးဖြစ်နေတယ်။ လက်ရှိမှာ ကျွန်တော်တို့က တန် ၅၀ လောက်ပဲ ထွက်နိုင်သေးတယ်။ သူတို့က ငွေကြေးနဲ့ပတ်သက်ပြီး စရံတွေပါ ချမယ်လို့ပြောတယ်။ ကျွန်တော်တို့က ငွေကြေးကြောင့်မဟုတ်ဘူး။ လေလောဆယ် အများကြီး မထွက်သေး ဘူးဆိုတာ ပြောပြတော့ သူတို့က ဩဂုတ်လပြန်လာမယ်ပြောတယ်။ ရသလောက် သူတို့ယူမယ်ပြောတယ်" ဟု မြန်မာနိုင်ငံ ထောပတ်သီးတင်ပို့ ထုတ်လုပ်ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်စိုးမင်းက မြန်မာတိုင်းမ်သို့ ပြောသည်။

ယင်းထောပတ်သီးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံမှ အထူးစိတ်ဝင်စားနေသော်လည်း လက်ရှိတွင် အဆိုပါ Hass မျိုးကို ကိုင်းဆက်စိုက်ပျိုးမှုမှာ နှစ်နှစ်သား အရွယ်သာ ရှိသေးသည့်အတွက် အထွက်နှုန်း နည်းပါးနေသေးကြောင်းသိရသည်။ "အရင်တုန်းက ထွက်တာတွေက တစ်ပင်တစ်မျိုးဖြစ်နေတာ။ တစ်ပင် တစ်မျိုးပဲ ဖြစ်နေတော့ နိုင်ငံခြားပို့တာက ရေရှည်မှာအဆင်မပြေဘူး။ အရည်အသွေး အာမခံချက် မရှိဘူး။ (Hass) ကိုင်းဆက်က နှစ်နှစ်ကကျော်ပဲရှိသေးတယ်။ ကိုင်းဆက်ကျမှ အရည်အသွေးအာမခံချက်ရှိတာ။ နောက်ထပ်နှစ်နှစ်လောက်ဆိုရင်တော့ အခု ကိုင်းဆက် Hass မျိုးတွေက များများစားစား စထွက်ပြီ။ အခုကအရည်အသွေး အာမခံလို့ရတာက စထွက်တုန်းဆိုတော့ အရေအတွက်နည်းနေသေးတယ်။ ကိုင်းဆက်မှသူက ၉၀ ရာခိုင်နှုန်းတူတာ။ မဟုတ်ရင် တစ်ပင်တစ်မျိုးနဲ့ အရင်တုန်းက လိုမျိုးဖြစ်နေမှာ။ အရင်ကထွက်တာက တန်ချိန် နှစ်သောင်းလောက်ထွက်ပေမယ့် တစ်ပင်တစ်မျိုးဖြစ်နေတာ။ အရည်အသွေးအာမခံလို့မရဘူး။ အခုကတော့ တစ်ပင်နဲ့

နောက်တစ်ပင်နဲ့အတူတူပဲ'' ဟု ဦးကျော်စိုးမင်းကပြောသည်။ ယင်းနှင့်ပတ်သက်ပြီး ဝဠ၊ ထော့ပတ်သီးစသည့် ပို့ကုန်အမယ်သစ်များအား တရုတ်နိုင်ငံ ဘက်သို့ တင်ပို့ရာတွင် စိစစ်ဆောင်ရွက်မှုများကိုလည်း ဖြေလျှော့ပေးရေးကို ဇွန် ၈ ရက်က စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံရာတွင် တောင်းဆိုခဲ့ သည်။

မြန်မာ့ ထောပတ်သီးများကို ၂၀၁၇ ခုနှစ်မှစ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံး မြို့တွင် ထောပတ်သီးပြိုင်ပွဲ၊ ပြပွဲများ ပြုလုပ်၍ မျိုးရွေးချယ်ခြင်းများ ပြုလုပ်သော်လည်း သုတေသနအားနည်းမှုကြောင့် မျိုးကောင်းမျိုးသန့်များ တိတိကျကျ ထွက်ပေါ်ရန် အခက်အခဲရှိနေသည်။ ယင်း ပြိုင်ပွဲ၊ ပြပွဲများမှ မှတ်တမ်း ကောက်ယူမှုအရ မြန်မာနိုင်ငံတွင် နာမည်ကြီးသော အမရာ (Hass) မျိုး အပါအဝင်၊ အခြားမျိုးကောင်းမျိုးသန့် (၄)မျိုးခန့်သာ ရွေးချယ် စိုက်ပျိုးနိုင်သောကြောင့် ထောပတ်ကဏ္ဍ ဖွံ့ဖြိုးလာစေရန် စနစ်တကျသုတေသနပြုလုပ်ကာ ကမ္ဘာတွင်အများဆုံး ရောင်းဝယ်၊ ဖောက်ကား၊ စားသုံးနေကြသော အမရာ (Hass) မျိုးကို အမေရိကန် နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်ရှိ (Borkaw Nursery) မှ တင်သွင်းစိုက်ပျိုးလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/140156.html

## ကိုဗစ်-၁၉ ကာလ တရုတ်နှင့်ကုန်သွယ်မှု ၁ ရာခိုင်နှုန်းသာတိုးတက်



ကိုဗစ်-၁၉ ကာလဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မှုပမာဏသည် ကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းများအရ ၁ ရာခိုင်နှုန်းခန့်သာ တိုးတက်လာသည်ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်Mr. Chen Hai ကပြောသည်။ ကိုဗစ်-၁၉ ကာလ အတွင်းဖြစ်ပေါ်နေသော တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ် ရေးတွင် ကုန်သွယ်ရေးစီးဆင်းမှုအခက်အခဲများနှင့်ပတ်သက်၍ တရုတ်နိုင်ငံသံအမတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား ဆွေးနွေးမှုများပြုလုပ်ခဲ့ရာတွင် ၎င်းကပြောဆိုခဲ့ခြင်းဖြစ်သည်။ တရုတ်သည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏအများဆုံးပြုလုပ်နေသော ကုန်သွယ်ဘက်နိုင်ငံတစ်ခုဖြစ်ပြီး လက်ရှိ ကိုဗစ်-၁၉ ကာလတွင် တရုတ်နှင့်ကုန်သွယ်မှုမှာ တရုတ်အစိုးရ တင်းကျပ်မှုများကြောင့် မြန်မာဘက်မှ အခက်အခဲများစွာကြုံတွေ့ခဲ့ရပြီး နစ်နာမှုများဖြစ်ပေါ်ခဲ့သည်။

ကိုဗစ်-၁၉ ကာလတွင် လုံခြုံရေးအကြောင်းပြ၍ တရုတ်အစိုးရ၏ ကန့်သတ်ချက်များ၊ တင်းကျပ်မှုများကြောင့် မြန်မာနိုင်ငံမှ ပို့ကုန်များတင်ပို့ရာတွင် သစ်သီးဝလံနှင့်ရေထွက်ကုန်များ အချိန်မီတင်ပို့နိုင်မှုမရှိခြင်းကြောင့် ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခြင်း၊ နယ်စပ်တံခါး ပေါက်အချို့ပိတ်ခဲ့ခြင်းကြောင့် ဒေသထွက်ကုန်များ တင်ပို့နိုင်မှုမရှိတော့၍ ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်း၊ မြန်မာ ကုန်တင်ယာဉ်မောင်းများကို ဝင်ရောက်ခွင့်မပြုသည့်အပြင် တရုတ်ယာဉ်မောင်းလုံလောက်စွာ ချပေးခြင်းမရှိသည့် အတွက် ကုန်စည်စီးဆင်းမှုကြန့်ကြာကာ နစ်နာမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲသည်။ အဆိုပါအခြေအနေများကြောင့် မူဆယ် နယ်စပ်ကုန်သွယ်ရေးသည် ပြီးခဲ့သော နှစ်နှင့် နှိုင်းယှဉ်လျှင် ပို့ကုန်တင်ပို့နိုင်မှု လျော့ကျသွားပြီး ၂၀ ရာခိုင်နှုန်းသာ တင်ပို့၍ရကြောင်း မူဆယ် ၁၀၅ မိုင် ဆန်စပါး ကုန်စည်ဒိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက မြန်မာတိုင်းမ်ကိုပြောသည်။

မူဆယ်နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံမှ ကုန်စည်ကန့်သတ် စစ်ဆေးမှုများကြောင့် ယာဉ်ကြောများ ပိတ်ဆို့၍ ကုန်စည်စီးဆင်းမှုတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေမှုအပေါ် အဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ရေထွက်ကုန် ပစ္စည်းနှင့် သစ်သီးဝလံများအတွက်အရည် အသွေးစစ်ဆေးခြင်းကို အမြန်ဆုံး ဆောင်ရွက်ပေးရန်လိုအပ်သည်ဟု စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။

''ကားအဝင်အထွက်က မန်းဝင်းဂိတ်ကနေ ကားအဝင်အထွက်နဲ့ မောင်းရတဲ့စနစ်မှာ ကားအစီးရေ ၁၃၀ လောက်ပဲ သွားလို့ရတယ်။အရင်တုန်းက အစီး ၄၅၀ လောက်သွားလို့ရတယ်။ အဲဒီအတွက် ၁၀၅ မိုင်ကနေ ကြယ်ဂေါင်ကို ၇ မိုင်ခရီးကို အနည်းဆုံး ၆ ရက် ၊ ၇ ညသွားနေရတယ်''ဟု ၄င်းကပြောသည်။ တရုတ်အစိုးရသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်လာပြီးနောက် မြန်မာကုန်တင်ယာဉ်မောင်းများကို တရုတ်နိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်ပင်ကာ ၎င်းနိုင်ငံသား ယာဉ်မောင်းများချပေး၍ မြန်မာဘက်မှ ကုန်တင်ယာဉ်များကို အစားထိုးမောင်းနှင်သည့်စနစ် ကျင့်သုံးခဲ့သည်။ သို့သော် တရုတ်ယာဉ်မောင်းများ လုံလောက်စွာချပေးခြင်းမရှိသည့်အတွက် ကုန်တင်ယာဉ်နှင့် ယာဉ်မောင်းပမာဏမှာ မမျှတသည့်အတွက် နေ့စဉ် ပို့ကုန်တင်ပို့နိုင်မှုကြန့်ကြာကာ ကုန်အားလုံးတရုတ်သို့ တင်ပို့နိုင်ခြင်းမရှိပေ။

ကုန်တင်ကားမောင်းသူကို အယောက် ၄၀ ၊ ၅၀ တိုးပေးရန် တရုတ်အစိုးရသို့ တောင်းဆိုသော်လည်း တရုတ်ကုန်တင်ကားမောင်းသူ ၁၃ ယောက်သာ ချပေးထားပြီး ထပ်တိုးပေးခြင်းမရှိသည့်အတွက် ကြန့်ကြာမှုများဖြစ်ပေါ်ကာ ပို့ကုန်များတင်ပို့မှုကျဆင်းခြင်းဖြစ်သည်ဟု ဦးမင်းသိန်းကပြောသည်။ ရေထွက်ပို့ကုန်များသည် မူဆယ်နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်များတွင် တရုတ်ယာဉ်မောင်းများကိုစောင့်နေရ၍ ကြန့်ကြာမှုဖြစ်နေခြင်းကြောင့် ရေထွက်ကုန်တင်ပို့ရန် ခက်ခဲသည့်အတွက် ကျင့်စန်းကျော့နယ်စပ်ဂိတ်ပေါက်မှ တင်ပို့နေရသည်ဟု သိရသည်။ နှစ်နိုင်ငံအကြား နယ်စပ် ကုန်သွယ်မှုဆက်လက်တိုးတက်စေရေးအတွက် မူဆယ် ၁၀၅ မိုင်မှ ရွှေလီအထိ ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်ရန်၊ ကုန်စည်များမပါရှိဘဲ ရပ်နားထားသည့် ယာဉ်များအား ရှင်းလင်း၍ ကုန်တင်ယာဉ်များကိုဦးစားပေးရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai က ပြောသည်။

**Source:** https://myanmar.mmtimes.com/news/140118.html

## ကိုဗစ်ကာလ ဈေးကွက်ပုံစံပြောင်းလဲလာတဲ့ အိမ်ငှားဈေးကွက်



မြန်မာနိုင်ငံတွင် Covid-19 ရောဂါ စတင်ပြန့်နှံ့လာပြီးနောက် လူမှုစီးပွားရေးလုပ်ငန်းများ အထိနာခဲ့ရာ အိမ်ခြံမြေကဏ္ဍလည်း အပါအဝင်ဖြစ်ခဲ့သည်။သို့သော် ရန်ကုန်ကဲ့သို့ ရွှေ့ပြောင်းလုပ်သားများပြားသော နေရာတွင် လူအများ၏နေထိုင်ရေးအတွက် အိမ်ငှားရမ်းခြင်းကိုမူ မဖြစ်မနေလုပ်ဆောင်နေကြရသည်။ စီးပွားရေးလုပ်ငန်းများ ထိခိုက်လာခြင်း၊ ဝင်ငွေများကျဆင်းလာခြင်းတို့ကြောင့် ယခင်သုံးစွဲနေသော နေထိုင်စရိတ်များကို လျှော့ချနိုင်ရန် ပိုမိုဈေးသက်သာသော နေရာများသို့ ပြောင်းရွှေ့နေထိုင်လာကြသည်။

အဆိုပါအခြေအနေကိုလိုက်၍ အိမ်ငှားဈေးကွက်မှာ ပုံမှန်လည်ပတ်နေသော်လည်း ငှားရမ်းခဈေးနှုန်းများမှာမူ ကျဆင်းလာခဲ့သည်။ ''အငှားဈေးကွက်ကပုံမှန်လေးဖြစ်နေပေမယ့် ဈေးနှုန်းတွေကတော့ကျနေတယ်၊ အရင်က ဒေါ်လာ ၁၀၀၀ တန် အခန်းတွေကို အခု ၈၀၀ လောက်နဲ့ ငှားနေရတယ်''ဟု ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးဖြစ်သူ ကိုတင်လင်းကျော်ကဆိုသည်။

နိုင်ငံခြားသားအငှားကိုသာ အားထားနေရသော ကွန်ဒိုအငှားဈေးကွက်မှာလည်း Covid-19 ရောဂါ ဖြစ်ပွားပြီး ပြည်တွင်း၌ အလုပ်လုပ်နေသော နိုင်ငံခြားသားများ နေရပ်ပြန်ကြခြင်းကြောင့် ကွန်ဒိုအငှား ဈေးကွက် ရပ်တန့် လုနီးပါး အေးစက်ခဲ့ရသည်။ သို့သော် နိုင်ငံခြားသားအငှားဈေးကွက်တွင် ကိုဗစ်ကာလအတွင်း ဈေးကွက်အခြေအနေမှာ ပုံစံအသစ် တစ်မျိုးအဖြစ် ပြောင်းလဲလာခဲ့သည်။ငှားရမ်းနေထိုင်သူ နိုင်ငံခြားသားများမှာ ၎င်းတို့၏ လုံခြုံရေးနှင့် အချို့မြို့နယ်၊ ရပ်ကွက်များတွင် နိုင်ငံခြားသားအငှားများကို လက်မခံကြတော့သည့်အတွက် လူအဝင်အထွက်နည်းပြီး လုံခြုံရေးအားကောင်းသည့် အဆင့်မြင့်ကွန်ဒိုများသို့ ပြောင်းလဲနေထိုင်ကြခြင်းပင်ဖြစ်သည်။ ''အရင်ကနိုင်ငံခြားသားတွေက အိမ်ငှားစရိတ်ကို ရနိုင်သမျှချွေတာကြတယ်၊ ပစ္စည်းအစုံမပါရင်တောင် တော်တော်တန်တန်နေလို့ အဆင်ပြေတဲ့နေရာဆိုရင် သူတို့နေကြတယ်၊ အခုကျတော့ အပြင်လူ အဝင်အထွက်နည်းတဲ့ ကွန်ဒိုကြီးနဲ့ လုံးချင်းအိမ်တွေကို ဈေးပိုပေးပြီး ငှားရမ်းလာကြတယ်''ဟု ကိုတင်လင်းကျော်ကဆိုသည်။

အိမ်ငှားဈေးနှုန်းများ ကျဆင်းလာသည့်အပြင် အိမ်ငှားစာချုပ်များချုပ်ဆိုရာတွင် စာချုပ်သက်တမ်းများကိုလည်း ဖြေလျှော့ပေးလာကြသည်။ ယခင်က ခြောက်လသို့မဟုတ် တစ်နှစ်မှသာ ငှားရမ်းမည့်အိမ်များမှ အိမ်ရှင်များကအချို့မှာ သုံးလ စာချုပ်ဖြင့်လည်းကောင်း၊ အချို့မှာ လချင်းပေးစနစ်ဖြင့်လည်းကောင်း ငှားရမ်းလာကြကြောင်းလည်း ကိုတင်လင်းကျော်၏ ပြောပြချက်အရသိရသည်။ လက်ရှိအိမ်ငှားဈေးကွက်အခြေအနေမှာပုံမှန်ဈေးကွက်ကောင်းမွန်သော အခြေအနေသို့ ရောက်အောင် အရှိန်ယူနေသောကာလဖြစ်ပြီး နောက် ၂ လ ခန့်တွင် ဈေးကွက်ပုံမှန် ကောင်းမွန်လာမည်ဟု သုံးသပ်ကြောင်း iMyanmarHouse.com ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူကဆိုသည်။ ''ကိုဗစ်ကာလအတွင်းမှာ အိမ်ပြောင်းဖို့ ဆိုင်းငံ့နေကြတဲ့သူတွေ အခုပြောင်းရွှေ့လာကြတယ်၊ ကိုဗစ်ဆိုင်ရာ စည်းကမ်းတွေကို ဖြေလျှော့ပေးလိုက်တဲ့အခါ အရင်က မငှားချင်တဲ့သူတွေ ဈေးကွက်ထဲကို ပြန်ရောက်လာတဲ့အတွက် နောက်တစ်လ နှစ်လအတွင်းမှာ ဈေးကွက်ပုံမှန် အခြေအနေပြန်ဖြစ်လာနိုင်မှာပဲ ဖြစ်ပါတယ်''ဟု ဦးနေမင်းသူကဆိုသည်။

အိမ်ငှားဈေးနှုန်းများမှာ ယခင်ဈေးကွက်ကောင်းခဲ့သော အချိန်များနှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ ကျဆင်းနေပြီး နောက်ထပ်ဖြစ်ပေါ်လာမည့် ဈေးကွက်အခြေအနေမှာ နိုင်ငံ၏ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်နေကြောင်းလည်း ၎င်းကဆိုသည်။ အိမ်ငှားဈေးကွက်အခြေအနေအရ လက်ရှိတွင် ပြည်တွင်းအငှားများသည့် ငွေကျပ် ၁ သိန်းမှ ၅ သိန်း ကြား တိုက်ခန်းများမှာ ပိုမိုအငှားသွက်နေပြီး ငွေကျပ် ၁၀ သိန်းနှင့် ၁၀ သိန်းအထက်ရှိသည့် နိုင်ငံခြားသား အငှားဈေးကွက်မှာ အနည်းငယ် အေးစက်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ရန်ကုန်တိုင်း ဒေသကြီး တွင်းရှိ မြို့တွင်း ၆ မြို့နယ်ဖြစ်သော ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုစွန်တောင် မြို့နယ်များမှာ အိမ်အငှားအများဆုံးဖြစ်ပြီး ဒုတိယအနေဖြင့် ဗဟန်းနှင့်စမ်းချောင်းမြို့နယ်များမှာ အိမ်ခန်းအသစ်ရှာဖွေ ငှားရမ်းမှုအများဆုံးမြို့နယ်များဖြစ်နေကြောင်းလည်း အိမ်ခြံမြေအကျိုးဆောင်များကဆိုသည်။

လေကြောင်းလိုင်းများပြန်လည်ဖွင့်လှစ်ကာ နိုင်ငံခြားသားဝင်ရောက်လာမှုကို ပြန်လည်ခွင့်ပြုပေးလိုက်ပါက နိုင်ငံခြားသား အငှားများသည့် ကွန်ဒိုနှင့် လုံးချင်းအငှားဈေးကွက် ပြန်တက်လာနိုင်ဖွယ်ရှိကြောင်း ဝါရင့်အိမ်ခြံမြေအကျိုးဆောင် တစ်ဦးဖြစ်သူ ဒေါက်တာထူးမြတ်နိုင်ကပြောသည်။ ''အခန်းတွေရှိနေပေမယ့် လူရှိသလောက်ပဲငှားရတော့ ဈေးကွက်တက်လာဖို့ မဖြစ်နိုင် သေးဘူး။ အိမ်ပြန်သွားတဲ့ နိုင်ငံခြားသားတွေပြန်လာမှသာ ဈေးကွက်တက်လာဖို့ မျှော်လင့်နိုင်မယ်''ဟု ဒေါက်တာ ထူးမြတ်နိုင်ကဆိုသည်။ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှသာ အဆိုပါလုပ်ငန်းကုမ္ပဏီ များနှင့်အတူ နိုင်ငံခြားသားလုပ်ငန်းရှင်များ၊ အလုပ်သမားများဝင်ရောက်လာမည်ဖြစ်ပြီး နိုင်ငံခြားသားများကို အဓိကအားထား နေရသော ကွန်ဒိုအငှားဈေးကွက်မှာ ပြန်တက်လာမည်ဖြစ်ကြောင်းလည်း ဦးနေမင်းသူက သုံးသပ်ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/140119.html

## လုပ်ငန်းသုံးကားကြီးများ ပြည်တွင်းထုတ်လုပ်မှုမရှိ၍ ဂျပန်ထုတ်ကားများ ဈေးအဆမတန်မြင့်လာ




ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ တစ်နိုင်တစ်ပိုင်စီးပွားရေး လုပ်ကိုင်သူများအတွက် လုပ်ငန်းသုံးကားများ လိုအပ်ချက်ရှိနေရာ ပြည်တွင်း၌ လုပ်ငန်းသုံးကား ထုတ်လုပ်မှုမရှိသဖြင့် ဂျပန်နိုင်ငံထုတ် လုပ်ငန်းသုံးကားများ ကျပ် သိန်း ၅၀ မှ သိန်း ၁၅၀ အထိ ဈေးအဆ မတန်တက်လာနေကြောင်း ကားတင်သွင်းရောင်းချနေသူများထံမှ ဇွန် ၁၁ ရက်တွင်သိရသည်။

ဂျပန်နိုင်ငံမှ လုပ်ငန်းသုံး ညာမောင်းကားများမှာ ၂၀၁၈ ခုနှစ်မှစ၍ တင်သွင်းခွင့်မရှိတော့သည့်အတွက် ယခင်လက်ကျန်တင်သွင်းထားသော လုပ်ငန်းသုံးကားကြီးများဖြစ်သည့် ကန်တာ၊ ပစ်ကပ် လုပ်ငန်းသုံး ကားများ ၊ ၁၀ ဘီး၊ ၁၂ဘီး တွဲကားများ၊ prime mover ကားကြီးများ ဆီဘောက်ဆာကားကြီးများ ၊ ယန္တယား Tractor ကားကြီးများ မြေတူးစက်များ ၊ ဘက်ဟိုးကားကြီးများမှာ ကားအမျိုးအစားအလိုက် ဈေးနှုန်း ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၅၀

အထိ ဈေး မြင့်တက်လာခဲ့သည်။ ထို့ပြင် လုပ်ငန်းသုံး အင်ဂျင်ပါဝါ ၆၆၀ စီစီ Hijet ကားလေးများမှာလည်း လိုအပ်ချက်ကြောင့် ကားဈေးကွက်တွင် ယခင်သိန်း ၈၀ သာရှိနေရာမှ သိန်း ၁၅၀ အမြင့်ဆုံး မြင့်တက်လာသည်။

လုပ်ငန်းသုံးကားများအား ၂၀၂၀ ခုနှစ်တွင် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းခွင့်ပြုရာတွင် ကုန်တင်ယာဉ်များ ၂၀၁၆ မိုဒယ်မှ ၂၀၂၀ မိုဒယ်အတွင်း (ဘယ်မောင်း ခရီးသည်တင်ယာဉ်များတင်သွင်းရာတွင် Mini bus / City bus / Express bus ကားများအား၂၀၁၆ မိုဒယ်မှ၂၀၂၀ မိုဒယ်အထိ (ဘယ်မောင်း)၊ ယန္တရားများအား ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ဘယ်မောင်း နှင့် နိုင်ငံတော်အတွက်လျှုဒါန်းသည့် မီးသတ်ယာဉ်နှင့်လူနာတင်ယာဉ်များမှာ ၂၀၀၆ ခုနှစ်မိုဒယ်ထိသာ လက်ခံဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။ မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်ကားများအား လက်ဝဲစတီယာရင်အပြင် လက်ယာ စတီယာရင်များပါ တင်သွင်းခွင့်ပြုခဲ့ပြီး အများပြည်သူသုံးလမ်းမများတွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် လုပ်ငန်းသုံးယန္တရား ကြီးများအား လွန်ခဲ့သော ၁၅ နှစ်အတွင်း ထုတ်လုပ်သည့် ယာဉ်များအဖြစ်တင်သွင်းခွင့်ပြုခဲ့သည်။ "လုပ်ငန်းသုံးကားတွေ တင်သွင်းတာကို၂၀၁၈ ခုနှစ်က ဘယ်မောင်းကားပဲ သတ်မှတ်ထားတယ်။ ဘယ်မောင်းလုပ်ငန်းသုံးကားတွေက အရမ်းပျော့တော့ ကုန်ပစ္စည်း အများကြီးတင်ပြီး လမ်းကြမ်းတွေ ခိုင်းလို့လည်းမရဘူး။ ဘယ်မောင်းကားကလည်း တင်သွင်းဖို့က လုပ်ငန်းသုံး ကားထဲမှာ ဂျပန်ကားလောက ကြံ့ခိုင်မှုသိပ်မရှိဘူး။ ပြည်တွင်းမှာ လုပ်ငန်းသုံးကားကလည်း ထုတ်တာသိပ်မရှိဘူး။ ဥရောပ ကားတွေကျတော့ ဘယ်မောင်းကားက အရမ်းရှားတယ်။ ဈေးလည်းအရမ်းကြီးတယ် တင်သွင်းဖို့မလွယ်ဘူး။ ဥရောပကား တွေက အပိုပစ္စည်းမရှိတဲ့ပြဿနာရယ် ကားကအရမ်းဈေးကြီးတာရယ်ကြောင့် သိပ်မသွင်းကြဘူး။ လုပ်ငန်းသုံးကားကို ၁၀ နှစ်အတွင်း Model မြင့်တဲ့ ဂျပန်ညာမောင်းကားတွေ ပြန်သွင်းခွင့်ပေးသင့်ပါတယ်။"ဟု လုပ်ငန်းသုံးကားများ တင်သွင်းရောင်းချ နေသူ ဦးစိန်လွင်က ဖွန်လ ၁၁ ရက်တွင် မြန်မာတိုင်းမ်သို့ပြောကြားသည်။

မြန်မာနိုင်ငံ၏ လမ်းအနေအထားအရ ကြံ့ခိုင်မှုရှိသည့် လုပ်ငန်းသုံးကားများ လိုအပ်နေရာ မကြာခဏပြင်ဆင်ရသည့် တရုတ်နိုင်ငံနှင့် ကိုးရီးယားနိုင်ငံထုတ်လုပ်ငန်းသုံးကားများနှင့် အဆင်မပြေဘဲမှုဝါဒအား ပြန်လည်ပြင်ဆင်ပေးရန် လိုအပ် နေသည်။ "မနှစ်ကသွင်းထားတဲ့ ဂျပန်ကားလက်ကျန်က သိပ်မရှိတော့ဘူး။ လုပ်ငန်းသုံးကားကြီးတွေဖြစ်တဲ့ ပစ္စည်းအတင်အချ လုပ်တဲ့ကားတွေ မြေသယ်ကားတွေ ဆီဘောက်ဆာတွေ ကွန်တိန်နာတွဲကားတွေကလိုအပ်ချက်ကြောင့် ကားဈေးအရမ်းကြီး တက်လာတယ်။ နိုင်ငံအခြေအနေအရ လုပ်ငန်းသုံးကားက ဂျပန်ညာမောင်းကားကို သေချာစဉ်းစားပြီး ပြန်တင်သွင်းခွင့် ပေးသင့်တယ်။ တကယ် ထဲထဲဝင်ဝင်လေ့လာပြီး ပြည်သူလိုအပ်ချက်ကို စဉ်းစားပေးဖို့လိုနေပြီ"ဟု လုပ်ငန်းသုံးကားကြီးများ ပြည်ပမှ တင်သွင်းနေသူ ဦးဇော်ထွန်းနိုင်က ဖွန် ၁၁ ရက်တွင် ပြောသည်။

ဂျပန်နိုင်ငံထုတ် လုပ်ငန်းသုံးကားကြီးများသည် မြန်မာနိုင်ငံလမ်းပန်းဆက်သွယ်ရေး ကြမ်းတမ်းသည့် နယ်ဒေသများတွင် အများဆုံးအသုံးပြုနေပြီး ကားပြင်ဆင်ရသည့်စရိတ်သက်သာခြင်း၊ ပြင်ဆင်ရမှုနည်းပါးခြင်းနှင့် သွားလာရအဆင်ပြေနေသည့် အတွက် ညာမောင်း လုပ်ငန်းသုံးကားကြီးများအား လုပ်ငန်းလိုအပ်ချက်အရ ပြည်ပမှ ပြန်လည်တင်သွင်းခွင့်ပြုပေးသင့်ကြောင်း ကားလုပ်ငန်းလုပ်ကိုင်သူအများစုက ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/140157.html

## ၂၀၂၀ ခုနှစ်တွင် ယခင်နှစ်များကထက် ဖားဈေးကွက်ကျဆင်းနေ



၂၀၂၀ ခုနှစ်တွင် ယခင်နှစ်များကထက် ဖားဈေးကွက်ကျဆင်း နေကြောင်း စီးပွားဖြစ်ဖားမွေးမြူသူများကပြောသည်။ တစ်နှစ်ထက် တစ်နှစ် ရာသီဥတုက ပြောင်းလဲလာတယ်။ ရာသီဥတုက ပူတုန်း ကလည်း အတော်ပူတယ်။ ဒေသဖားတွေ ဟိုးအရင်တုန်းကလို မပေါ်များ တော့ဘူး။ လယ်ကွင်းထဲ ဖားရိုက်၊ ဖားကောက်သူတွေ အသိဆုံးပါ။ ကိုယ့်နိုင်ငံက လုံလောက်အောင်မှ မထုတ်လုပ်နိုင်တော့ ပြည်ပက ဝင်လာတဲ့ဖားတွေလည်းရှိတယ်။ ပြည်တွင်းမှာ ကိုယ်တိုင် ဖားသား ဖောက်မွေးတတ်တဲ့သူကလည်း နည်းနေသေးတယ်ဟု ရန်ကုန်တိုင်း၊

သုံးခွမြို့နယ်၊ ကဒပွနကျေးရွာ ဖားမွေးမြူရေးခြံမှ ဦးမိုးရဲဝင်း (SALMON) က ပြောသည်။

မူလဖားဈေးကွက် ခိုင်မာမှုမရှိသည့်အပြင် ဟိုတယ်၊ ထမင်းဆိုင်၊ စားသောက်ဆိုင်များ အရောင်းအဝယ်နည်းပါးနေခြင်းကြောင့် ပြည်တွင်းရှိ ဖားမွေးမြူရောင်းချသူများ တွက်ချေမကိုက်ကြခြင်းဖြစ်သည်။ သည်လိုပဲ ကိုယ်မွေးတာလေးကိုယ့်ဘာသာဈေးကွက်ရှာ။ ထမင်းဆိုင်၊ ဟင်းဆိုင်၊ ဟိုတယ်တွေကိုပို့နေကြရတာ။ မွေးမြူတဲ့ မြေ၊ ရေ၊ နေရာတွေက ငှားမွေးရတာမို့၊ ဈေးကွက်တစ်ခုခုများအတိမ်းအစောင်းဖြစ်တာနဲ့ အရှုံးပေါ်ရောပဲဟု ဦးမိုးရဲဝင်းက ဆက်လက်ပြောသည်။ ဈေးကွက်အတွင်း ဖားအသား(အစို) တစ်ပိဿာလျှင် ကျပ် (၄၀၀၀) ကျပ်မှ ကျပ် (၆၀၀၀) ဈေးနှုန်းဖြင့် ရောင်းဝယ်ဖောက်ကားနေကြောင်း သိရသည်။

**Source:** https://greenwaymyanmar.com/posts/decrease_price_of_frog_local_market

## ဟောင်ကောင်အထည်ချုပ်နှင့်ဖိနပ်လုပ်ငန်း မြန်မာတွင် ရင်းနှီးမြှုပ်နှံရန်စီစဉ်

ဟောင်ကောင်နိုင်ငံ အထည်ချုပ်နှင့် ဖိနပ်လုပ်ငန်း အဖွဲ့တဖွဲ့သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စီစဉ်နေကြောင်း မြန်မာ-ဟောင်ကောင် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (Myanmar– Hong Kong Chamber of Commerce and Industry– MHKCCI)က ဇွန်လ ၉ ရက်က ထုတ်ပြန်လိုက်သည်။ အဆိုပါအဖွဲ့သည် ရန်ကုန်မြို့နှင့် ပဲခူးတိုင်းတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ယခုနှစ်အတွင်း လာရောက်လေ့လာရန် စီစဉ်ထားကြောင်းသိရသည်။ ဟောင်ကောင်အခြေစိုက် i-Land စက်မှုဇုန်မှ အမှုဆောင်အရာရှိ Ivan Tam က "ကျနော်တို့ဖောက်သည် ၈၀ ရာခိုင်နှုန်းကျော်က အထည်ချုပ်လုပ်ငန်း၊ ဆေးဆိုးလုပ်ငန်း၊ ပလစ်စတစ်လုပ်ငန်းနဲ့ လျှပ်စစ်ပစ္စည်း တပ်ဆင်လုပ်ငန်းတွေဖြစ်တယ်။ ကျနော်တို့ရဲ့စက်မှုဇုန်က ဆက်လက်တိုးချဲ့နေပါတယ်။ စီးပွားရေးနဲ့လူနေထိုင်မှု ဝယ်လိုအားကိုဖြည့်ဆည်းဖို့ ရင်းနှီးမြှုပ်နှံမှုကို ထပ်မံခွဲခြားလုပ်ကိုင်နေတယ်" ဟုပြောသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ချုပ်ပြီး အထည်များမှာ ဥရောပ ဈေးကွက်သို့ တင်ပို့လျှင် ကုန်သွယ်မှု အထူးအခွင့်အရေး (GSP) အရ ၁၂ ဒသမ ၅ ရာခိုင်နှုန်း အခွန်သက်သာသောကြောင့် ဟောင်ကောင်လုပ်ငန်းရှင်များက CMP လုပ်ငန်းများတွင် စိတ်ဝင်စားခြင်းဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒု-ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး က သုံးသပ်ပြောဆိုသည်။ ၎င်းက "ရင်းနှီးမြှုပ်နှံမှုတွေကိုတော့ ကျနော်တို့က ကြိုဆိုပါတယ်။ ဒီလိုမျိုးလာရင် လက်ခစား အလုပ်တွေ အလုပ်ရတယ်။ သူတို့အကျိုး ကိုယ့်အကျိုးပါပဲ။ ဟောင်ကောင်ကလာတယ်ဆိုတာလည်း မြန်မာနိုင်ငံရဲ့ GSP ကို လိုချင်လို့ဖြစ်တယ်။ အခုမြန်မာနိုင်ငံမှာ ဟောင်ကောင်ကချုပ်နေတာက အိတ်တွေဖြစ်တယ်။ အလုပ်သမားတွေ အလုပ်ရတယ်။ ကိုယ့်အလုပ်သမားတွေကလည်း တောင်းဆိုချက်တွေကို မျှမျှတတနဲ့ နိုင်ငံခြားသား လုပ်သာကိုင်သာရှိအောင် လုပ်ဖို့လိုတယ်" ဟု ပြောသည်။ MHKCCI သည် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ကိုင်နေသော ၎င်းတို့၏အဖွဲ့ဝင်ကုမ္ပဏီ ၆၄ ခု၏ လုပ်ငန်းများ အပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို မေလအတွင်း စာရင်းကောက်ယူခဲ့သည်။

စစ်တမ်းတွင် ပါဝင်သော လုပ်ငန်းများ၏ ထက်ဝက်ခန့်က ပျမ်းမျှအားဖြင့် ဝင်ငွေ ၄၇ ရာခိုင်နှုန်း ဝင်ငွေ ကျဆင်းသွားပြီး လုပ်ငန်းများ၏ ၁၅ ရာခိုင်နှုန်းသည် ပုံမှန်သက်ရောက်မှု ရှိကြောင်း၊ ကျန် ၃၅ ရာခိုင်နှုန်းသည် ဝင်ငွေတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရသိရသည်။ ယင်းပြင်စစ်တမ်းအရ ၇၇ ရာခိုင်နှုန်းက လာမည့် ၁၂ လအတွင်း မြန်မာနိုင်ငံမှ လုပ်ငန်း အတိုင်းအတာကို ဆက်လက်ထိန်းသိမ်းထားရန် ဆုံးဖြတ်ကြပြီး၊၂၁ ရာခိုင်နှုန်းက မြန်မာနိုင်ငံမှ ၎င်းတို့၏ လုပ်ငန်းများကို တိုးချဲ့မည်ဟုဖြေကြားခဲ့ပြီး ၃ ရာခိုင်နှုန်းကသာ လုပ်ငန်းများလျှော့ချမည်ဟုဖြေဆိုခဲ့သည်။ လုပ်ငန်းတိုးချဲ့ရန် စီစဉ်သူများ၌ အများစုက ကူးစက်ရောဂါ အလွန်ကာလတွင် စီးပွားရေးပြန်လည်နာလန်ထူမည်ဟုမျှော်လင့်ပြီး မြန်မာ့ စီးပွားရေး အလားအလာအပေါ် ယုံကြည်နေခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါစစ်တမ်း၏ရလဒ်များသည် မျှော်မှန်းထားသည့်အတိုင်းဖြစ်သောကြောင့် မြန်မာနိုင်ငံမှ ဟောင်ကောင်ရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေစေရန် ဆက်လက်လုပ်ဆောင်မည်ဟု MHKCCI ဥက္ကဋ္ဌ Edgar Kwan BBS JP ပြောဆိုသည်။ ဟောင်ကောင်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူဖြစ်ပြီး ၂၀၁၉ အောက်တိုဘာလမှ ၂၀၂၀ ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ

ညွှန်ကြားမှုဦးစီးဌာနကသိရသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံရှိ အိမ်ခြံမြေတည်ဆောက်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားနှင့် အထည်ချုပ်လုပ်ငန်းများတွင် အဓိကရင်းနှီးမြှုပ်နှံထားသည်။ နိုင်ငံခြားသားလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် အလုပ်သမားများဆန္ဒပြခြင်းကြောင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် အလုပ်ပိတ်ရက်များနေခြင်းတို့ကို အကြောင်းပြ၍ ပြန်လည်ထွက်ခွာခြင်းများရှိနေကြောင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များက ပြောဆိုကြသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက "အခုက အဟောင်းတွေကတော့လုပ်နေရတုန်းပဲ။ သကြံ့န်မတိုင်ခင်က အသစ်တွေကတော့ မလာသေးဘူး။ အထည်ချုပ်တင်ပို့မှုကတော့ကျမှာဖြစ်တယ်။ ဘယ်လောက်ကျမလဲ မသိဘူး။ လုပ်သားအင်အားက တိုးဖို့ရာအတွက်က အရှိန်လျှော့သွားပြီ" ဟု လက်ရှိအခြေအနေကိုပြောပြသည်။ ယခင်က ပြည်တွင်း၌ အထည်ချုပ်စက်ရုံ တလလျှင် ၄ ရုံမှ ၆ ရုံအထိ အသစ်ဖွင့်လှစ်မှုရှိသော်လည်း လက်ရှိအချိန်၌ တကမ္ဘာလုံး၌ COVID 19 ရောဂါကူးစက်ပျံ့နှံ့နေခြင်းကြောင့် လျှော့ကျလာကြောင်း ၎င်းကပြောသည်။ "ပြောချင်တာ အထည်ချုပ်ဘက်မှာလည်း လာတော့လာနေတယ်။ အရင်လောက်တော့မများဘူး။ အသစ်အော်ဒါတွေကတော့ အခုအချိန်ထိပေါ်မလာသေးဘူး။ အလားအလာက သူများနိုင်ငံတွေထက်တော့ ဈေးချိုတာပေ့ါ။ လုပ်အားခဆိုရင် ဗီယမ်နမ်ထက်လည်း ဈေးချိုတယ်။ ကမ္ဘောဒီးယားထက်လည်း ဈေးချိုတယ်"ဟု အထည်ချုပ်လုပ်ငန်းရှင်လည်းဖြစ်သူ ဦးမြင့်စိုးကရှင်းပြသည်။ ဆက်လက်၍ ၎င်းက "၂၀၁၄ ခုနှစ်ကျမှ မြန်မာနိုင်ငံက ဥရောပဈေးကွက်ရတာကိုး။ အဲဒီတော့ ခြောက်နှစ်ပဲရှိသေးတယ်။ သူများက အနှစ် ၂၀ လောက်လုပ်စားပြီးပြီ။ အဲဒီတော့ ထုတ်လုပ်မှုစွမ်းအားကကျနေတုန်းပဲ။ အဲဒါကို ဆွဲတင်ရမယ်"ဟုပြောသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ခြင်းနှင့်အတူ ဥပဒေပါလုပ်သားအခွင့်အရေးများပေးနိုင်ရန်အချက်တို့က လုပ်ငန်းရှင်များအတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်နေကြောင်း ၎င်းကဆိုသည်။

**Source:** https://burma.irrawaddy.com/news/2020/06/10/224406.html

## တောင်ပေါ်ဒေသထွက် ဒူးရင်းသီးများဖြိုင်ဖြိုင်ပေါ်သော်လည်း ဈေးနှုန်းကြီးမြင့်၍ ဝယ်သူနည်းပါးနေ



ကရင်ပြည်နယ်၊ သံတောင်ကြီးတောင်ပေါ်ဒေသမှ ထွက်ရှိသည့် ဒူးရင်းသီးများ မိုးဦးကာလတွင် ဈေးကွက်သို့ ဖြိုင်ဖြိုင်ဝင်ရောက်လာသော်လည်း ဈေးနှုန်းကြီးမြင့်မှုကြောင့် အရောင်းအဝယ်နည်းပါးလျက်ရှိကြောင်း ရေတာရှည်မြို့ရှိ ဒူးရင်းသီးရောင်းဝယ်သူများထံမှ သိရှိရသည်။ လက်ရှိဈေးကွက်တွင် အလုံးအကြီး၊ အသေးပေါ် မူတည်၍ ၃၀၀၀ ကျပ် မှ ၉၀၀၀ ကျပ်အထိ ပေါက်ဈေးရှိပြီး အသီးမှည့်များပါလာလျှင် ရောင်းသူများအနေဖြင့် ရက်ပိုင်းအတွင်းမရောင်းရပါက အသီးလိုက်အချဉ်ဓာတ်ပေါက်ခြင်းကြောင့် အဆင်မပြေမှုများရှိနေကြောင်းလည်းသိရှိရသည်။ "ကျွန်တော်တို့ဆီကို လာရောင်းတာက ကျောက်ကြီး၊ သဘောတော၊ ကျောက်ဖျာ၊ ပင်းသီလာ၊ ဘောဂလ ိဒေသတွေကနေ ဝင်တယ် ဒူးရင်းသီးက ကြွေသီးနဲ့ဆွတ်သီးဆို ပြီးနှစ်မျိုးရှိတယ် ဆွတ်သီးက အစိမ်းဆိုတော့ ပြဿနာမရှိဘူး ရက်အထားခံတယ် ကြွေသီးကြတော့ လတ်လတ်လောလောစားမယ်ဆိုရင် အဆင်ပြေတယ် ရက်ထားမယ်ဆိုရင် အဆင်မပြေတော့ဘူး အချဉ်ဓာတ်ပေါက်သွားတာကိုး ကျွန်တော်တို့မှာလဲ အဲ့အလုံးမျိုးဆိုအမြန်ရောင်းရမှ အဆင်ပြေတယ်။ မရောင်းရရင်တော့ရှုံးတာပေ့ါ" ဟု ဒူးရင်းသီးရောင်းသူတစ်ဦးကပြောသည်။ တောင်ပေါ်ဒေသထွက် ဒူးရင်းသီးများကို သံတောင်ကြီးဒေသ မှ တောင်ငူဈေးကွက်သို့ လည်းကောင်း၊ ရေတာရှည်မြို့သို့လည်းကောင်းနှစ်စဉ် မိုးဦးကျကာလများတွင် ဝင်ရောက်လေ့ရှိပြီး ယခုအချိန်မှာ လိုင်ချီးသီးများတုံးပြီးဖြစ်၍ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ နာနတ်သီးများ ဆက်လက်ဝင်ရောက်လျက်ရှိသည်ကို တွေ့ရှိရသည်။

**Source:** https://www.moi.gov.mm/iprd/?q=news/%E1%80%95%E1%80%BC%E1%80%8A%E1%80%BA%E1%80%

## ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပြောင်းဖူးစေ့စံချိန်တင်တင်ပို့နိုင်



အခုနှစ်မှာပြည်ပကိုပြောင်းဖူးစေ့ စံချိန်တင်အများဆုံးတင်ပို့ထားနိုင်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရပါတယ်။ အခုနှစ်မှာ ပြည်ပကိုတင်ပို့တဲ့ ပြောင်းဖူးစေ့ဈေးကွက်အသစ်တွေ ရှိလာတဲ့အတွက် ပိုမိုတင်ပို့လာနိုင်တာဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောပါတယ်။ အရင်က ပြည်တွင်းကနေ ပြောင်းဖူးစေ့တင်ပို့တာက တရုတ်နိုင်ငံကို ဦးတည်တင်ပို့ခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ထိုင်းနိုင်ငံကလည်း တန်ချိန်(၃)သန်းလောက်အထိ ဝယ်ယူမယ်လို့ ဆွေးနွေးထားတာတွေရှိတယ်လို့လည်း ဦးခင်မောင်လွင်ကပြောပါတယ်။ လက်ရှိအချိန်မှာ ဈေးကွက်အသစ်တွေဖြစ်တဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ဗီယက်နမ်၊ မလေးရှားစတဲ့ နိုင်ငံတွေကို အခုနှစ်မှာပိုမိုတိုးတက်တင်ပို့လာနိုင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံတစ်နိုင်ငံထဲကို အခုနှစ်မှာ တန်ချိန်( ၁.၂) သန်း တင်ပို့ထားနိုင် တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရပါတယ်။ မြန်မာနိုင်ငံဟာ ပြောင်းကိုနှစ်စဉ် ပြည်တွင်း စားသုံးမှုထက် ပိုလျှံစွာထုတ်လုပ်နိုင်ခဲ့သလို ပြည်ပတင်ပို့မှုအပိုင်းမှာလည်း အာဆီယံဒေသတွင်း နိုင်ငံပေါင်း (၁၀) နိုင်ငံမှာ ဒုတိယ အများဆုံးတင်ပို့တဲ့နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြောင်းစိုက်ဧက (၁.၉) သန်းခန့်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ နေပြည်တော် စတဲ့နေရာတွေကနေ ထွက်ရှိတဲ့ ပြောင်းတွေ ကို တရုတ်ဈေးကွက်ကိုအများဆုံးတင်ပို့နေတာဖြစ်ပြီး ပြောင်းအဓိကဝယ်ယူနေတဲ့ တရုတ်နိုင်ငံက ပြီးခဲ့တဲ့(၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်ကစတင်ကာ ဝယ်ယူမှုလျော့နည်းလာတာကြောင့် ဈေးနှုန်းတွေဆက်တိုက်ကျဆင်းခဲ့တဲ့ အခြေအနေဖြစ်ပေါ်ခဲ့ တယ်လို့ ဇွန်လ(၆) ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမမှာ Video Conferencing စနစ်နဲ့ကျင်းပပြုလုပ်ခဲ့တဲ့ အစေ့ထုတ်ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားခဲ့ပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ငါးလအတွင်း တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားဆန်တန်ချိန်(၁)သိန်းကျော်ဝယ်ယူ



ယခုနှစ် ပထမငါးလအတွင်း ကမ္ဘောဒီးယားကုမ္ပဏီသည် အရည်အသွေး ကြီးကြပ် စစ်ဆေးမှု ပြီးစီးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် (၁၀၈၆၉၀)တန် တင်ပို့ခဲ့ပြီး ယမန်နှစ်ကာလတူထက် ၃% မြင့်တက် ခဲ့ကာ ၂၀၁၈ ခုနှစ် ကာလတူထက် ၆၇% မြင့်တက်ခဲ့ကြောင်း ဇွန်လ၂ ရက်နေ့က တရုတ်နိုင်ငံ အရည်အသွေးကြီးကြပ် စစ်ဆေးရေး အသိအမှတ်ပြုအုပ်စု ကမ္ဘောဒီးယားကုမ္ပဏီ၏ ပြောကြားချက်အရသိရပါသည်။ ထိုကုမ္ပဏီ၏ မိတ်ဆက်ချက်အရ ကိုရိုနာဗိုင်းရပ်စ် ရောဂါကာကွယ်ထိန်းချုပ်သည့် ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန် သွင်းကုန်လုပ်ငန်းကို ကြီးမားသောသက်ရောက်မှုများရှိခဲ့သည်။ ကမ္ဘောဒီးယား အစိုးရမှ ဧပြီလ၊ ၅ ရက် နေ့မှ မေလ၊ ၂၀ ရက်နေ့အထိ ဆန်စပါးတင်ပို့မှုကို ရပ်တန့်ခဲ့ကာ ကမ္ဘောဒီး ယားဆန်စပါးဝယ်ယူမှုအတွက် အခက် အခဲ များရှိခဲ့သည်။ သို့သော် COFCO လုပ်ငန်းအုပ်စုမှာမူ အဘက်ဘက်မှချိတ်ဆက်ဖြင့် တရုတ်-ကမ္ဘောဒီးယားနှစ်နိုင်ငံ အစိုးရ၏ ဆန်စပါး ကုန်သွယ်မှုသဘောတူစာချုပ်ကို ဆက်လက်ဖော်ဆောင်ခဲ့ကာ လစဉ်ဝယ်ယူမှုကို ထိန်းသိမ်းနိုင်ခဲ့ကာ ဆန်စပါး တင်ပို့မှု ရပ်တန့်သည့်အခြေအနေအောက်တွင် ဆန်(မွှေး)၏တင်သွင်းမှုနှုန်းကိုလည်း မြင့်တင်ပေးနိုင်ခဲ့ကြောင်းသိရသည်။ ကုမ္ပဏီ၏ပြောကြားချက်အရ ကပ်ရောဂါဖြစ်ပွားသည့်ကာလအတွင်းကုမ္ပဏီမှ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်မှုများ တိုးချဲ့

ဆောင်ရွက်သည့်တစ်ချိန်တည်းမှာပင် ဆန်စပါးအရည်အသွေးစစ်ဆေးမှုလုပ်ငန်းကိုလည်း အစွမ်းကုန်ကာကွယ် ဆောင်ရွက်ခဲ့ကာ အရည်အသွေးစစ်ဆေးသူများစေလွှတ်၍ ကမ္ဘောဒီးယားနိုင်ငံရှိ ပြည်နယ်(၁၀)ခုကျော်ရှိ ဆန်စပါးကုန်ချောစက်ရုံတွင် သယ်ယူပို့ဆောင်ခြင်းမပြုခင် စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဆန်စပါးထုပ်ပိုးမှု လုပ်ငန်းစဉ်တစ်ခုလုံးစစ်ဆေးကြီးကြပ်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်စပါးတင်ပို့သည့် အရည်အသွေးများအတွက် အာမခံပေးနိုင်ခဲ့ကြောင်း သိရပါသည်။ ကမ္ဘောဒီးယားဆန်စပါး တရုတ်နိုင်ငံသို့တင်ပို့နိုင်ခြင်းသည် တရုတ်အစိုးရနှင့်ပြည်သူတို့၏ ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပြည်သူ့နေထိုင်မှုဘဝကောင်းမွန်စေရေးအတွက်ထောက်ခံအားပေးမှုဖြစ်သည့်အပြင် တရုတ်-ကမ္ဘောဒီးယား ဘုံကံကြမ္မာကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်ကြောင်းသိရပါသည်။ www.chinanews.com မှ ကောက်နုတ်ဖော်ပြသည်။

**Source:** https://www.facebook.com/shweliayarnews/

## ကမ္ဘောဒီးယားငှက်ပျော ငါးလအတွင်း တရုတ်နိုင်ငံသို့ တန်ချိန်(၁၂၄၁၄) တင်ပို့နိုင်ခဲ့



ကမ္ဘောဒီးယားငှက်ပျောသည် ပြီးခဲ့သောနှစ်က ဈေးကွက်တင်ပို့ခွင့်ရပြီးနောက် တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ၂၀၂၀ ခုနှစ် ပထမငါးလအတွင်း ပမာဏမြင့်တက်ခဲ့ကြောင်း သိရပါသည်။ ကမ္ဘောဒီးယားနိုင်ငံမှ အဝါရောင်ငှက်ပျောသီးများသည် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိပြီးနောက် ဈေးကွက်လိုအပ်ချက်မှာ လျှင်မြန်စွာမြင့်တက်ခဲ့ကြောင်းသိရပါသည်။ ကမ္ဘောဒီးယား စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန၏ ပြောကြားချက်အရ စိုက်ပျိုးရေးနည်းပညာ၊ အချောကိုင်မှု၊ ထုပ်ပိုးမှုနှင့် တင်ပို့မှုအပိုင်း တိုးတက်လာမှုသည် ကမ္ဘောဒီးယားနိုင်ငံ ငှက်ပျောတင်ပို့မှုကို မြင့်တင်ပေးနိုင်ခဲ့ကြောင်းသိရပါသည်။ ယခုနှစ် ပထမငါးလ၏တင်ပို့မှုပမာဏမှာ သိသာထင်ရှားစွာ မြင့်တက်ခဲ့သည်။

The Phnom Penh Post မှ ထုတ်ပြန်ချက်အရ ကမ္ဘောဒီးယား စိုက်ပျိုးရေးကုမ္ပဏီ Long Sreng International မှ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် ငှက်ပျော တန်ချိန်(၂၂၇၆၂)တန် တင်ပို့နိုင်ခဲ့သည်။ ထိုအနက် တရုတ်နိုင်ငံသို့ တန်ချိန် (၈၃၄၈)တန် တင်ပို့နိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ တန်ချိန်(၁၄၄၁၄)တန် တင်ပို့ခဲ့ကြောင်းသိရပါသည်။ ကမ္ဘောဒီးယားစိုက်ပျိုးရေးဌာန၏ ကိန်းဂဏန်းဖော်ပြချက်အရ အဆိုပါငှက်ပျော စုစုပေါင်းတင်ပို့မှုပမာဏမှာ ၂၀၂၀ ခုနှစ် ပထမငါးလတွင် တန်ချိန် (၁၂၄၁၄)တန်ရှိပြီး၊ အကြီးဆုံးဈေးကွက်မှာ တရုတ်၊ ဗီယက်နမ်နှင့်ဂျပန်တို့ဖြစ်ကြောင်းသိရပါသည်။ ၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယား နိုင်ငံသည် နိုင်ငံတကာဈေးကွက်သို့ ငှက်ပျော တန်ချိန်(၁၅၇၈၁၂)တန်တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။

**Source:** asiafruitchina.net

https://www.facebook.com/shweliayarnews/

## အမျိုးသားလုံခြုံရေး ဥပဒေကြောင့် ငွေကြေးကဏ္ဍလုပ်ငန်းအများအပြား ရွှေ့ပြောင်းသွားရန်မရှိနိုင်ကြောင်း

ပေကျင်းအစိုးရမှ အတည်ပြုပြဋ္ဌာန်းရန်ဆုံးဖြတ်ခဲ့သည့် အမျိုးသားလုံခြုံရေးဥပဒေကြောင့် ဟောင်ကောင်ဒေသတွင်းရှိ ငွေကြေးကဏ္ဍလုပ်ငန်းများအား အများအပြားရွှေ့ပြောင်းသွားခြင်းရှိနိုင်မည်မဟုတ်ကြောင်း၊ ဥပဒေသစ်နှင့် ပတ်သက်သည့် အသေးစိတ်နှင့်ပတ်သက်၍ သိရှိလိုစိတ်ပြင်းပြလျက်ရှိကြောင်းနှင့် ဒေသတွင်းရှိငွေကြေးကဏ္ဍဆိုင်ရာလုပ်ငန်းများ ရွှေ့ပြောင်းသွားရန် အများအပြားမရှိနိုင်ဟု ကျွမ်းကျင်သူများကခန့်မှန်းထားရှိကြောင်း၊ သို့သော်အာရှ၏ ထိပ်တန်းဗဟိုဌာနအဖြစ် ငွေကြေးလုပ်ငန်းအချက်အချာကြသည့် ဟောင်ကောင်ဒေသအပေါ် အမေရိကန်နိုင်ငံမှ တင်းမာမှုများဖြစ်စေနိုင်ကြောင်း၊ ဟောင်ကောင်ဒေသအား ပေးအပ်ထားသည့် ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေးများအား ပြန်လည်ရုပ်သိမ်းပြီး ကန့်သတ်မှုများပြုလုပ်သွားမည်ဟု အမေရိကန်နိုင်ငံမှ ပြောကြားထားကြောင်း၊ အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံအပေါ်

ကန့်သတ်ချက်များမှာ နှစ်နိုင်ငံလုံးအတွက် ဆုံးရှုံးမှုများရှိကြောင်း၊ လွန်ခဲ့သော (၉) နှစ်အတွင်း ဟောင်ကောင်ဒေါ်လာနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်မှုနှုန်းထားကို ပုံသေသတ်မှတ်၍ peg ပြုလုပ်ထားပြီး လွတ်လပ်စွာလဲလှယ်နိုင်ကြောင်း၊ ဥပဒေသစ်ကြောင့် မကြာသေးမီရက်ပိုင်းက ဟောင်ကောင်ဒေါ်လာမှ အမေရိကန်ဒေါ်လာသို့လဲလှယ်မှုတွင် ဆိုးရွားမှုများ ရှိခဲ့ကြောင်း၊ သို့သော်ဒေသ၌ ဟောင်ကောင်ဒေါ်လာလဲလှယ်မှုကို ပံ့ပိုးပေးနိုင်မည့် အမေရိကန်ဒေါ်လာ အရန်ရန်ပုံငွေ ရှိသောကြောင့် ပျက်စီးအောင် ဆောင်ရွက်ရန်မှာ မလွယ်ကူကြောင်း၊ ဟောင်ကောင် ဒေါ်လာအား ထိန်းသိမ်းထားနိုင်ရန် ၅-၆-၂၀၂၀ ရက်နေ့တွင် ဟောင်ကောင်ဒေါ်လာ (၁) ဘီလီယံကို ငွေကြေးအာဏာပိုင်အဖွဲ့ကရောင်းချခဲ့ကြောင်း၊ ယခု လက်ရှိ အချိန်တွင် ဟောင်ကောင်ဒေသမှ ငွေသားများထွက်သွားခြင်းမရှိသေးကြောင်း၊ တရုတ်နိုင်ငံ၊ ဟိုင်နန်ဆိပ်ကမ်းကိုလည်း ဟောင်ကောင်ကဲ့သို့ လွတ်လပ်စွာကုန်သွယ်နိုင်သည့် ဆိပ်ကမ်းအဖြစ် ဆောင်ရွက်နိုင်ရန် သွင်းကုန်ခွန်နှင့် အခွန်ကောက်ခံမှုများ လျှော့ချပေးမည့် မူဝါဒများဖွင့်ပေးခဲ့ကြောင်း၊ ဟောင်ကောင်ဒေသအပေါ် တိုက်ရိုက်အရေးယူဆောင်ရွက်မှုမရှိသော်လည်း ငွေသားထိန်းချုပ်မှုများအား ရှန်ဟိုင်းမြို့အား ဆောင်ရွက်သကဲ့သို့ ဟိုင်နန်ကိုလည်း ပြုလုပ်နိုင် သောကြောင့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေကြောင်း၊ တရုတ်ဘဏ်များအား အမေရိကန်ဒေါ်လာ လွှဲပြောင်းမှုစနစ်များမှ ပိတ်ပင်ခြင်းမှာ ဟောင်ကောင်ဒေသရှိ အမေရိကန်ဒေါ်လာများလဲလှယ်ရောင်းဝယ်နေသည့် တရုတ်ဘဏ်များအတွက် စိန်ခေါ်မှုများဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသရှိ Bank of China (BOC) သည် လုပ်ငန်းဆောင်ရွက်မှု အားလုံးအတွက် မှတ်ပုံတင်ဆောင်ရွက် ထားရှိကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Cissy Zhou က "Security Law unlikely to spark relocations, analysts say"ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် အီးယူ-တရုတ် ထိပ်သီးဆွေးနွေးပွဲအား ရွှေ့ဆိုင်းကျင်းပမည်

စက်တင်ဘာလအတွင်း ဂျာမနီနိုင်ငံတွင်ကျင်းပရန်စီစဉ်ထားသည့် အီးယူနှင့်တရုတ်နိုင်ငံတို့အကြား ထိပ်သီး ဆွေးနွေးပွဲ (Summit) တစ်ရပ်ကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းကျင်းပသွားရန် နှစ်ဘက်သဘောတူညီခဲ့ ကြကြောင်း ဂျာမနီနိုင်ငံအစိုးရကကြေညာခဲ့ပါသည်။ အီးယူနှင့် ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးဖြစ်သည့် တရုတ် နိုင်ငံတို့အကြား ဆက်ဆံရေးပိုမို နက်ရှိုင်းစေရေး ရည်ရွယ်သည့် အဆိုပါထိပ်သီးဆွေးနွေးပွဲကို ဂျာမနီနိုင်ငံ၊ Leipzig မြို့၌ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားခဲ့ပြီး၊ ယင်းအစည်းအဝေးသည် ဂျာမနီနိုင်ငံက အီးယူကောင်စီ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ (၆) လကြာ တာဝန်ယူမည့်ကာလနှင့်တိုက်ဆိုင်၍ အဓိက အခမ်းအနား တစ်ရပ်အဖြစ်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်ကြောင်း၊ အီးယူနှင့်တရုတ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေး သဘောတူညီချက် (Investment Protection Agreement) လက်မှတ်ရေးထိုးနိုင်ရန်ရည်ရွယ်ခြင်းဖြစ်သော်လည်း ယင်းသဘော တူညီချက် လက်မှတ်ရေးထိုးနိုင်ရေး တိုးတက်မှုမှာနှေးကွေးနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

ဆွေးနွေးပွဲကျင်းပမည့် နေ့ရက်သတ်မှတ်နိုင်ရေးအတွက် အီးယူ၊ ဂျာမနီနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား ညှိနှိုင်း သွားမည်ဖြစ်သည်ဟု ဂျာမနီနိုင်ငံဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်၏ ပြောရေးဆိုခွင့်ရှိသူ Steffen Seibert ကပြောကြား ခဲ့ကြောင်း၊ သို့ရာတွင် ယင်းထိပ်သီးဆွေးနွေးပွဲကို ယခုနှစ်အတွင်း ကျင်းပသွားရန် ရှိ/မရှိနှင့်စပ်လျဉ်း၍မူ ဖော်ပြထားခြင်း မရှိကြောင်း၊ ဥရောပကောင်စီ ဥက္ကဋ္ဌ Charles Michel၊ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် ဂျာမနီနိုင်ငံဝန်ကြီးချုပ်တို့အကြား တယ်လီဖုန်းနှင့်ဆက်သွယ်ခဲ့ပြီးနောက်တွင် ထိပ်သီးဆွေးနွေးပွဲရွှေ့ဆိုင်းကျင်းပရန် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း Steffen Seibert က ဆက်လက်ပြောကြားခဲ့ပါသည်။ လာမည့်လများအတွင်း တရုတ်နိုင်ငံနှင့်ပတ်သက်သည့် အီးယူ မဟာ ဗျူဟာကို ရေးဆွဲသွားလိုသည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီး Heiko Maas က ပြီးခဲ့သည့်သီတင်းပတ်ကပြောကြားခဲ့ကြောင်း Politico ၏ ၃-၆-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရ သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

# STOCK EXCHANGE (11.6.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 11th Jun. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 11,000 | 11,000 | 10,500 | 1,876 | 20,598,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 4,281 | 16,268,000 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,500 | 23,000 | 1,507 | 34,961,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 1,978 | 5,538,400 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 4,099 | 11,067,300 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.26 | -7.14 | -1.57% | 455.07 | 457.21 | 447.26 | 13,741 | 88,433,200 | 6 | 665,510 |

### Index chart




## Market Overview

As of 1:00 pm, 11th Jun. 2020

| MYANPIX | 447.26 ▼ 7.14 |
|---|---|
| Total Volume (shares) | 13,741 |
| Total Value (MMK) | 88 mil |
| Listed Company | 6 |
| Market Cap. (MMK) | 665,510 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 50 |